## သမ္မာဒိဋ္ဌိအစိဋ္ဌာန်

*သူများတွေ ကံ ကံ၏ အကျိုးသည်မရှိဟု အယူအဆမှားနေကြရာမှာ ငါသည် ကံ ကံ၏အကျိုး ရှိ၏ ဟု အယူအဆ မှန်စေရမည်။

*ကိလေသာခေါင်းပါးသောအကျင့်ကို ကျင့်ပါမည်။ (သလ္လေခဝါရ)

*မှားသောအယူအဆကို မှန်သော အယူအဆဖြင့် ရှောင်လွှဲမည်။ (ပရိက္ကမနဝါရ)မှန်သောအယူ အဆဖြင့် အဆင့်အတန်းမြင့်တက်စေရမည်။ (ဥပရိဘာဂဝါရ)။

*မှားသောအယူအဆကိလေသာမီးကို မှန်သောအယူအဆရေစင်ဖြင့် ငြိမ်းသတ်ရမည်။ (ပရိနိဗ္ဗာနဝါရ)

**မိစ္ဆာဒိဋ္ဌိဖြစ်ပုံ (၁၀) မျိုး**

၁။ ပေးလှူခြင်းသည်အကျိုးမရှိ။

၂။ အကြီးအကျယ်ပြုလုပ်ပေးလှူခြင်းသည် အကျိုးမရှိ။

၃။ ဧည့်ခံကျွေးမွေးခြင်း လက်ဆောင်ပေးခြင်း စသည်မှာ အကျိုးမရှိ။

၄။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးသည်မရှိ။

၅။ အမေသည်မရှိ။

၆။ အဖေသည်မရှိ။

၇။ ဒီလောကသည်မရှိ။

၈။ အခြားသောလောကသည်မရှိ။

၉။ နတ်ဗြဟ္မာ၊ ငရဲသား၊ ပြိတ္တာတို့သည်မရှိ။

၁၀။ ကျင့်ကြံအားထုတ်ပြီး လောကအကြောင်းကို အမှန်အတိုင်းသိမြင်သော ဘုရားရဟန္တာ တို့သည်မရှိ။

မိစ္ဆာဒိဋ္ဌိကို ပြောင်းပြန်ယူဆလျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်။

**သမ္မာဒိဋ္ဌိ (၆)မျိုး**

၁၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ

၂။ ဈာနသမ္မာဒိဋ္ဌိ

၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ

၄။ မဂ္ဂသမ္မာဒိဋ္ဌိ

၅။ ဖလသမ္မာဒိဋ္ဌိ

၆။ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ

**မဂ္ဂင်(၃) ပါး**

၁။ မူလမဂ္ဂင် = ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ သီလ

၂။ ပုဗ္ဗဘာဂမဂ္ဂင် = ဝိပဿနာဉာဏ်များ

၃။ အရိယမဂ္ဂင် = အရိယမဂ်များ

* မူလပုဗ္ဗ အရိယ သုံးဝမဂ္ဂင်မြတ်။

* ဖြစ်ပွားစေလျှင် ဤမဂ္ဂင် ပြေးဝင်နိဗ္ဗာန်ဓာတ်။